# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၄၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၈-၄-၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဝင်းမြင့်၊ လှိုင် မဲဆန္ဒနယ်၏ **ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အတွက် ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ်တွင် Anti Dumping Tax, Safe Guard Tax များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြဋ္ဌာန်းကောက်ခံရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **အရွယ်မရောက်သေးသော ကလေးသူငယ်များအား အဓမ္မစေခိုင်းမှုများ၊ စွန့်ပစ်ခံရမှုများ၊ ရောင်းစားမှုများ ပပျောက်စေရန်နှင့် တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရန်၊ အသက်မပြည့်သည့်**

**ကလေးများအား စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်း၊ တပ်သားစုဆောင်းရာတွင် အရွယ် မရောက်သေးသူနှင့် အုပ်ထိန်းသူ မပါသော ကလေးများအား ခွင့်မပြုခြင်းကို စည်းကမ်းသတ်မှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်အတွင်း ရွေးချယ်တင်မြှောက်ရန် လိုအပ်နေသေးသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ခန့်အပ်ရန် လိုအပ်သော စာရေးဝန်ထမ်းများကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအမီ ဦးစားပေး ခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **" ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်– ၅/၉၃ ) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ဦးသိန်းညွန့်၊ သဃ်ၤန်းကျွန်း မဲဆန္ဒနယ်က **"၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ စော်ကားညှင်းပမ်းခြင်းမှ ကာကွယ်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း၊

၈။ **"၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ စော်ကားညှင်းပမ်းခြင်းမှ ကာကွယ်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။